KAREN RIVERS WATCH

သတင်းထုတ်ပြန်ချက်၊ မတ်လ ၃၀ ရက်၊ ၂၀၂၀ ခုနှစ်

## ဘီလပ်မြေစက်ရုံနှင့်ဆက်နွယ်သည့် ရေထုညစ်ညမ်းမှုနှင့် သဘာဝအရေးလှုပ်ရှားသူအား ကျိုးကြောင်းဆီလျော်မှုမရှိစွာတရားစွဲဆိုခြင်းအပေါ် ရှင်းလင်းဖေါ်ပြခြင်း

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC တပ်မတော်ပိုင် တန် (၄၀၀၀ ) ဘီလပ်မြေစက်ရုံအနီးပတ်ဝန်းကျင်ကျေးရွာများတွင် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ပြီး ရေထုညစ်ညမ်းခြင်းနှင့် ငါးများသေကြေပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် ဒေသခံများသည် နေ့စဉ်အခြေခံလိုအပ်ချက်ဖြစ်သည့် သောက်သုံးရေအခက်အခဲ၊ ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် လူမှုစီးပွားရေးဆိုင်ရာထိခိုက်နစ်နာမှုကို ရင်ဆိုင်နေရပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ဂေဟာစနစ်ဆိုင်ရာပြောင်းလဲခြင်းများလည်း ဖြစ်ပွားခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင်စစ်တမ်းလုပ်ဆောင်ချက်မရှိဘဲ မကြာခင်က သဘာဝဓါတ်ငွေ့မှ ကျောက်မီးသွေးလောင်စာသုံးအဖြစ်သို့ ပြောင်းလဲလည်ပတ်ခဲ့သည် တန် (၄၀၀၀ ) ထုတ် မြိုင်ကလေးဘီလပ်မြေစက်ရုံကြောင့် ထိုကဲ့သို့ပြဿနာများဖြစ်ရသည်ဟု ယုံကြည်ယူဆကြသော်လည်း ဘီလပ်မြေစက်ရုံတာဝန်ရှိသူများမှ ခိုင်မာသည့်သိပ္ပံနည်းကျလေ့လာစမ်းသပ်မှုရလဒ်များကို ပြုလုပ်ဖော်ပြခြင်းမရှိဘဲငြင်းဆိုခဲ့သည်။ ပြည်နယ်နှင့်ပြည်ထောင်စုအစိုးရသည် ဥပဒေနှင့် မလျော်ညီဘဲ ကျောက်မီးသွေးဖြင့် စက်ရုံလည်ပတ်နေခြင်းကို အရေးယူခြင်းမရှိဘဲလျစ်လျူရှုနေခဲ့သည်။ ထို့ပြင် ရေထုညစ်ညမ်းခြင်းနှင့်ပတ်သပ်သည့် ပြဿနာဇစ်မြစ်ကို စုံစမ်းဖော်ထုတ်ပေးခြင်းမရှိဘဲ အဝိစိရေတွင်းတူးပေးခြင်းနှင့် ရေသိုလှောင်ကန်ထားပေးခြင်း၊ စသည့် ဆေးမြီးတိုပုံနည်းများဖြင့် ဖြေရှင်းပေးခဲ့သည်။

မိမိတို့ဒေသတွင် ဤကဲ့သို့သဘာဝဘေးကပ်ဆိုးဖြစ်ပေါ်နေမှုများကိုကုစားနိုင်ရန် ဒေသခံဆရာတော်များ၏ဦးဆောင်မှုဖြင့် သဘာဝဘေးရင်ဆိုင်နေရသောကျေးရွာများစုပေါင်းပါဝင်သည့် ဆုတောင်းမေတ္တာပို့သခြင်းအစီအစဉ်တစ်ခုကို ရိုးရာဓလေ့ထုံးတမ်းယုံကြည်ချက်အရ ဇန်နဝါရီလ ၂၀၂၀ ၊ ၁၇ ရက်နေ့တွင် နတ်ကုန်းကျေးရွာ၌ ကျင်းပခဲ့ပါသည်။ အဆိုပါဆုတောင်းပွဲတွင် ဒေသခံဆရာတော်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကရင်အနုပညာရှင်များနှင့်တက်ကြွလှုပ်ရှားသူများလည်းပါဝင်ခဲ့ကြသလို ရွာသူရွာသားများလတ်တလောအရေးပေါ်လိုအပ်သော သောက်သုံးရေရရှိရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့သည်။ ထို့ပြင် ရေထုညစ်ညမ်းမှုကြောင့် ဒေသခံများကြုံလာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို ကြိုတင်ကာကွယ်ရန်နှင့် လက်ရှိရေထုညစ်ညမ်းမှုကိုကုစားနိုင်ရန်အတွက် ကျေးရွာများကိုတစ်စုံတစ်ရာနိုင်ငံရေးအမြတ်ထုတ်ယူလိုမှုမရှိဘဲ ကူညီပံ့ပိုးပေးခဲ့ပါသည်။

သို့ရာတွင် ၂၀၂၀ ခုနှစ်၊ မတ်လ ၆ ရက်နေ့၌ ထိုကဲ့သို့ဒေသခံများကို တတ်စွမ်းသမျှကူညီပံ့ပိုးပေးသည့်သူများထဲကတစ်ဦးဖြစ်သော သဘာဝပတ်ဝန်းကျင်ရေးရာတက်ကြွလှုပ်ရှားသူစောသာဘိုးကို ခိုင်မာသည့်သက်သေ အကြောင်းပြချက်များမရှိဘဲ ပုဒ်မ ၅၀၅ (ခ ) နိုင်ငံတော်အကြည်အညိုပျက်စေမှုဖြင့် တရားစွဲပြီး ၎င်း၏နေအိမ်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ခြင်းများကို အထက်မှခိုင်းစေမှုအရပြုလုပ်ခဲ့ ကြောင်းသိရသည်။ ဒေသခံများရင်ဆိုင်နေရသည့် ရေထုညစ်ညမ်းမှုပြဿနာကိုဖြေရှင်းနိုင်ရန်နှင့် တရားမျှတမှုမရှိသော ဤတရားစွဲဆိုမှုကိုရုတ်သိမ်းရန် ကရင်မြစ်ကြောင်းစောင့်ကြည့်ရေးအဖွဲ့မှ **“အဆိပ်သင့်အသက်ရေနှင့်ဥပက္ခာခံရသောဆုတောင်းသံများ”** အကျဉ်းချုပ်ရှင်းလင်းချက်နှင့်အတူ အောက်ပါအတိုင်း သဘောထားကြေငြာချက်ထုတ်ပြန်အပ်ပါသည်။

၁။ နွေရာသီရေရှားခြင်းသာမက ဆင့်ကဲရေထုညစ်ညမ်းမှုကို လတ်တလောရင်ဆိုင်နေရသည့် ဒေသခံများအတွက် ရေအလှူရှင်များမှ သောက်သုံးရေတိုက်ရိုက်ချိတ်ဆက်ပေးလှူနိုင်ရန် အစိုးရမှစောင့်ကြည့်ခြင်းနှင့် ဟန့်တားဖိအားပေးခြင်းများမလုပ်ဘဲ ခွင့်ပြုပေးရမည်။ လိုအပ်ပါက အပြုသဘောဆောင်သည့်ပူးပေါင်းမှုကို ဆောင်ရွက်ပေးရမည်။

၂။ မြန်မာအစိုးရ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး၊ သီးခြားလွတ်လပ်သော ပညာရှင်များ၊ စီမံကိန်း၏အကျိုးသက်ရောက်မှုကိုခံစားနေရသည့်ဒေသခံလူထု၊ အရပ်ဖက်လူမှုအဖွဲ့အစည်း၊ စသည့် အစုအဖွဲ့မှ ကိုယ်စားလှယ်များပါဝင်သည့် ပြဿနာဖြေရှင်းရေးယန္တရားတစ်ခုကို ရေရှည်လုပ်ငန်းတစ်ခုအဖြစ် ဖွဲ့စည်း ချမှတ်ရမည်။ လုပ်ငန်းစဉ်တလျှောက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုရှိရန်အတွက် လုပ်ငန်းစဉ်တွင်ပါဝင် သူများအားလုံး၌ ရေနမူနာစမ်းသပ်စစ်ဆေးပိုင်ခွင့်၊ သတင်းအချက်အလက်များကိုကောက်ယူနိုင်ခွင့်၊ ထိုမှတဆင့် အစိုးရအတွက်သိပ္ပံနည်းကျ အကြံပြုချက်များပေးပိုင်ခြင်း၊ စသည့်လုပ်ပိုင်ခွင့်များနှင့် အခြားသက်ဆိုင်ရာ တရားဝင် လုပ်ပိုင်ခွင့်အာဏာများရှိရမည်၊ ၎င်းတို့အား တရားဝင်လုပ်ပိုင်ခွင့်အာဏာပေးရမည်။ ပါဂင်ပူးပေါင်းသည့် အရပ်ဖက် အဖွဲ့များအား ဖိအားပေးခြင်းနှင့်ခြိမ်းခြောက်ခြင်းများမဖြစ်ပေါ်ရန် အစိုးရမှ တာဂန်ယူရမည်။

၃။ စောသာဘိုးသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုများတွင် အရေးပါသောတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သည်။ သဘာဝပတ်ဝန်းကျင်အရေးနှင့် လူမှုရေးဆိုင်ရာအရေးများကို ပြောဆိုခြင်းသည် ကမ္ဘာအဂန်းကြုံ တွေ့ရင်ဆိုင်နေရသည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအရေးအတွက် ပြောဆိုဆောင်ရွက်နေခြင်းဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်ပြီး စောသာဘိုးကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့်လူမှု ရေးဆိုင်ရာလှုပ်ရှားဆောင်ရွက်သူကို ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် စွဲဆိုခြင်းသည် တရားဥပဒေစိုးမိုးရေးကို ကန့် သတ်လိုက်ခြင်းဖြစ်ပြီး မိမိမှီခိုနေသော သဘာဝပတ်ဂန်းကျင်နှင့်သယံဇာတလေလွင့်ပျက်စီးခြင်းအတွက် ပြည်သူလူ ထုမှ အေးချမ်းစွာထုတ်ဖေါ်ပြောဆိုပိုင်ခွင့်တစ်စုံတရာမရှိကြောင်း ပြသလိုက်ခြင်းဖြစ် သည်။

၄။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆုင်ရာအရေးလှုပ်ရှားဆောင်ရွက်သူ စောသာဘိုးကိုယခုကဲ့သို့ပုဒ်မမျိုးဖြင့် တ ရားစွဲဆိုထားခြင်းနှင့်ပတ်သက်ပြီး လတ်တလောပြည်တွင်းပြည်ပအစုအဖွဲ့အသီးသီးမှ ထုတ်လွှတ်လိုက်သော သ ဘောထားထုတ်ပြန်ချက်များအရ ကရင်ပြည်နယ်ရှိပြည်သူများ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိအရပ်ဖက်များနှင့် အဖွဲ့အ စည်းများ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိအဖွဲ့အစည်းများသည် အစိုးရအပေါ်များစွာစိတ်ပျက်မိကြောင်းထင်ရှားသည်။

၅။ ဤအမှုကို အများစတင်သိရှိချိန်မှစပြီး ပြည်တွင်းပြည်ပသဘောထားထုတ်ပြန်ချက်၊ မေးခွန်းထုတ်ခြင်း၊ ဝေဖန်ခြင်း အမျိုးမျိုးထုတ်ပြန်ကာ အမှုကိုရုတ်သိမ်းပေးရန်အတွက် တိုက်တွန်းတောင်းဆိုမှုများစွာရှိထားပြီး ဖြစ်သည်။ မိမိတို့ ကရင်မြစ်ချောင်းများကွန်ယက်မှလည်း သဘာဝပတ်ဝန်းကျင်အရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေသည့် ယခုစောသာဘိုးအားစွဲဆိုထားသည့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) နိုင်ငံတော် အကြည်ညို ပျက်စေမှု သည် စောသာဘိုးအတွက် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာနစ်နာဆုံးရှုံးမှုဖြစ်စေသည်သာမက လူမှုအသိုင်းအဝိုင်းများ စွာအတွက် အနုတ်လက္ခဏာဆောင်သောအသွင်ကိုဆောင်သည့်အတွက် စိတ်ပျက်စရာကောင်းလှသည့်ဤအမှုကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်းနှင့် အတူချက်ချင်းရုတ်သိမ်းပေးရန် ထပ်မံတောင်းဆိုလိုက်သည်။

ထို့ပြင် ပြည်သူများနှင့် သဘာဂပတ်ဂန်းကျင်အရေး၊ လူမှုရေးဆိုင်ရာအရေး၊ လူ့အခွင့်ရေးလှုပ်ရှားဆောင်ရွက် သူများကို အကြပ်ရိုက်စေခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကိုကန့်သတ်နေသည့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဥပဒေမျိုးကို ပြန်လည်သုံးသပ်ပြီးပြောင်းလဲရန် တောင်းဆိုသည်။

အသေးစိတ်သိရှိရန်အတွက် အောက်ပါနံပါတ်များသို့ခေါ်ဆိုမေးမြန်းနိုင်သလို ကျွန်ုပ်တို့၏ **"အဆိပ်သင့် အသက်ရေ နှင့်ဥပက္ခာခံရသောဆုတောင်းသံများ"** အကျဉ်းချုပ်ရှင်းလင်းချက်ကို ဖေါ်ပြပါ link တွင် ဒေါင်းလုပ်ရယူနိုင်ပါသည်။

**ဆက်သွယ်ရန်။**

1. စောအားနေမူး၊ ၀၉၈၈၄၃၉၆၄၆၆ (မြန်မာနှင့်အင်္ဂလိပ်ဘာသာ)
2. စောသာဘိုး – WhatsApp +၉၅၉၇၈၂၆၃၉၇၁၄

**"အဆိပ်သင့် အသက်ရေ နှင့်ဥပက္ခာခံရသောဆုတောင်းသံများ"** အကျဉ်းချုပ်ရှင်းလင်းချက်ကို ရယူရန်

http://kesan.asia/resource/dark-waters-forbidden-prayers/